အသက်ကျောက်များကဲ့သို့ အဆင့်ဆင့် အထပ်ထပ် တည်ဆောက်လျက်ရှိသဖြင့် ဓမ္မတိုက်ဖြစ်ကြ၏။ ယေရှုခရစ်အားဖြင့် ဘုရားသခင် နှစ်သက်တော်မူရာ ဓမ္မယဇ်ကို ပူဇော်ရသော သန့်ရှင်းသော ယဇ်ပုရောဟိတ်မျိုးလည်းဖြစ်ကြ၏။
- ၁ ပေး၂:၅

ထိုကြောင့်၊ တွဲလွဲနေသော လက်တို့နှင့် အားမရှိသော ဒူးတို့ကို ခိုင်ခံ့စေကြလော့။ ခြေမစွမ်းသောသူ တို့သည် အဆစ်မပြုတ်သည်သာမက ချမ်းသာရစေခြင်းငှါ၊ သင်တို့သွားဘို့ရာ ဖြောင့်သော လမ်းတို့ကို ပြင်ဆင်ကြ လော့။
- ဟေဗြဲ ၁၂:၁၂-၁၃

ထိုကြောင့်၊ ငါတို့သည် ဘုရားသခင်၏ ကျေးဇူးတော်ကို ဝန်ခံလျက်၊ နှုတ်ခမ်းအသီးတည်းဟူသော ချီးမွမ်းခြင်း ယဇ်ကို သခင်ယေရှုခရစ်အားဖြင့် ဘုရားသခင်ရှေ့တော်၌ အစဉ်ပူဇော် ကြကုန်အံ့။
- ဟေဗြဲ ၁၃:၁၅

ဆုတောင်းခြင်း၏အပတ် 8

မေလ ၁၀ ရက်မှ မေလ ၁၆ ရက်အထိ

UNITE714

ချီးမွမ်းခြင်း

အသက်ရှင်တော်မူသောကျွန်ပ်တို့၏ဘုရားသခင်၊ ကိုယ်တော်သည်ကျွန်ပ်တို့
၏ဆုတောင်းသောအသံကိုနားညောင်းတော်မူသောဘုရား၊ မေတ္တာဂရုဏာနှင့်ပြည့်စုံသောကျွန်ပ်တို့
၏ကောင်းကင်ဘုံအဘဖြစ်သောကြောင့် ကိုယ်တော့်အထံတော်သို့ရဲရင့်စွာဖြင့် ကျွန်ပ်တို့တိုးဝင်ချဉ်းကပ်ကြပါ၏။
အသင်းတော်များသည် စည်းလုံးညီညွတ်စွာ အသက်ကျောက်ကဲ့သို့ အချင်းချင်း ထပ်ဆင့်တည်ဆောက်လျက်၊
သန့်ရှင်းသော ယဇ်ပရောဟိတ်မျိုးများအနေဖြင့် ကိုယ်တော့်ရှေ့တော်သို့ လာပါ၏။

ဤကပ်ရောဂါကြီးအလယ်တွင် ကိုယ်တော့်ထံသို့ ချီးမွမ်းခြင်းယဇ်ပူဇော်ပါ၏။ Covid-19 ရောဂါကို လျော့ပါးစေသော
ကြောင့် ကျေးဇူးတော်ချီးမွမ်းပါ၏။ ကိုယ်တော့်၏အကူအညီဖြင့် ကွယ်ကာမစခြင်းမရှိလျှင် ဤရောဂါအခြေအနေသည်
ယခုထက် ပိုပြီးများစွာဆိုးရွားမည်ကို ကျွန်ပ်တို့သိပါ၏။ လူသားများမတတ်နိုင်သော်လည်း
ကိုယ်တော်သည်မတတ်နိုင်သောအရာ မရှိသောကြောင့် ကျေးဇူးတော်ကိုချီးမွမ်းပါ၏။

ယနေ့ ကျွန်ပ်တို့သည် ကိုယ်တော့်ကိုချီးမွမ်းကြပါ၏။

နာကြင်မှု၊ ကြောက်ရွံ့မှု ၊ ဖိအားများစွာကို ရင်ဆိုင်နေရသော်လည်း ထိုအခြေအနေများအထက်တွင်စိုးစံသော
ကိုယ်တော့်အထံတော်သို့ အကျွန်ပ်တို့ လက်များကိုမြောက်ပင့်လျက် ရှုမျော်ကြပါ၏။ ကိုယ်တော်
၏သန့်ရှင်းသောနာမတော်ကိုကိုးကွယ်စဉ်ပင် ကျွန်ပ်တို့အား မျက်မှောက်တော်ထဲသို့ ဆွဲခေါ်တော်မူပါ။

ယနေ့ ကျွန်ပ်တို့သည် ကိုယ်တော့်ကိုချီးမွမ်းကြပါ၏။

ကိုယ်တော့်၏အသင်းတော်များသည် သဘောတူညီစွာဖြင့် ကိုယ်တော့်ကိုချီးမွမ်းကြပါ၏။ ကျွန်ပ်တို့ကမ္ဘာမြေကြီးပေါ်တွင်
ကိုယ်တော့်ထံမှ အသစ်သော မျက်မှောက်တော်သွန်းလောင်းခြင်းနှင့် မေတ္တာတော်ကိုတွေ့ကြုံခံစားရမည်အကြောင်း
ကျွန်ပ်တို့ ယုံကြည်ပါ၏။

ယနေ့ ကျွန်ပ်တို့သည် ကိုယ်တော့်ကိုချီးမွမ်းကြပါ၏။

**ဤဆုတောင်းချက်ကိုမဟာအနန္တတန်ခိုးနှင့်ပြည့်စုံတော်မူသော သခင်ယေရှုခရစ်တော်
၏နာမတော်၌ဆုတောင်းပဌာနာပြုပါ၏။**